## သမ္ဗောဇ္ဈင် (၇)ပါး

သမ္ဗောဇ္ဈင်္ဂ = သံ + ဗောဓိ + အင်္ဂ

သံ = ကောင်းစွာကိုယ်တိုင်။

ဗောဓိ = သိသူ = သစ္စာလေးပါးကို သိကြောင်းတရားအပေါင်း။

အင်္ဂ = အစိတ်အပိုင်း။

ဥဒယဗ္ဗယဉာဏ်မှစ၍ ဝိပဿနာခဏ မဂ်ခဏတို့၌ သစ္စာလေးပါးကို
ကောင်းစွာကိုယ်တိုင်သိကြောင်းတရားထဲမှာ အစိတ်အပိုင်းတစ်ခု။
သစ္စာလေးပါးကို သိကြောင်းတရားအပေါင်းသည် ဗောဓိ
သစ္စာလေးပါးကို သိသူ၏အကြောင်းအင်္ဂါ၊ သစ္စာလေးပါးကို သိမှု၏အစိတ်အပိုင်းသည် ဗောဇ္ဈင်္ဂ
ဗောဇ္ဈင်တရားများသည် ဥဒယဗ္ဗယဉာဏ်မှစ၍ဖြစ်၏။
ဥဒယဗ္ဗယဉာဏ် မရောက်သေးလျှင် မဖြစ်သေးဟူ၍ မှတ်ရမည်။

## မဂ္ဂင် (၈)ပါး

ကိလေသာတို့ကို ပယ်သတ်ကြောင်း, နိဗ္ဗာန်သို့ ရောက်ကြောင်းဖြစ်သော တရားစုကို မဂ်ဟုခေါ်၏
မဂ်၏အင်္ဂါသည်...

- ပညာမဂ္ဂင်(၂)ပါး = သမ္မာဒိဋ္ဌိ(ပညာ)၊ သမ္မာသင်္ကပ္ပ(ဝိတက်)
    - သမ္မာသင်္ကပ္ပသည် ပညာ၏ရှေ့သွားဖြစ်၍ ပညာမဂ္ဂင်၌ပါဝင်၏။
- သမာဓိမဂ္ဂင်(၃)ပါး = သမ္မာဝါယာမ(ဝီရိယ)၊ သမ္မာသတိ(သတိ)၊ သမ္မာသမာဓိ(ဧကဂ္ဂတာ)
    - သမ္မာဝါယာမ၊ သမ္မာသတိတို့သည် သမာဓိအားအကူအညီပြုခြင်းဖြင့် သမာဓိမဂ္ဂင်၌ ပါဝင်၏
- သီလမဂ္ဂင်(၃)ပါး = သမ္မာဝါစာ၊ သမ္မာကမ္မန္တ၊ သမ္မာအာဇီဝ(ဝိရတီသုံးပါး)

ဟုရှစ်ပါးရှိ၏
လောကုတ္တရာ ဉာဏဒဿနဝိသုဒ္ဓိ၌ မဂ္ဂင်ရှစ်ပါးလုံးဖြစ်၏။
လောကီဝိသုဒ္ဓိ၌ကား ပညာ၊ သမာဓိမဂ္ဂင်ငါးပါးသာဖြစ်၏။
သီလမဂ္ဂင် (၃)ပါးသည် သီလဝိသုဒ္ဓိ၌သာရအပ်၏။ စိတ္တဝိသုဒ္ဓိစသည်တို့၌ မရအပ်။
ဝိဝေကနိဿိတ၊ ဝိရာဂနိဿိတဖြစ်သော သီလကိုသာ ဗောဓိပက္ခိယအရာ၌ ယူအပ်၏။
ဘဝသမ္ပတ္တိကို ငဲ့ခြင်းရှိသော ဝဋ္ဋနိဿိတသီလကို မယူအပ်။

## သီလက္ခန္ဓမဂ္ဂင်(၃)ပါး

အာဇီဝဋ္ဌမကသီလသည် လောကီသီလက္ခန္ဓမဂ္ဂင်၊ သီလဝိသုဒ္ဓိ ဖြစ်၏။ သီလဝိသုဒ္ဓိသည် စိတ္တဝိသုဒ္ဓိစသော အလယ်ဝိသုဒ္ဓိ(၅)ပါးတို့ကို အာရုံမယူသောကြောင့် မိမိနှင့် မရောယှက်မူ၍ ရှေး၌စင်ကြယ်မြဲတိုင်းသော အနေအားဖြင့် ဆောင်ရွက်၏။

လောကုတ္တရာဉာဏဒဿနဝိသုဒ္ဓိကိုကား သီလက္ခန္ဓမဂ္ဂင် အင်္ဂါ(၃)ပါးအဖြစ်ဖြင့် အာရုံတူသောကြောင့် ဖြစ်ပေါ်ရောယှက်၍ ဆောင်ရွက်၏။

သီလမဂ္ဂင် (၃)ပါးကို ပုဗ္ဗဘာဂမဂ္ဂင်(ရှေးအဖို့က ကြိုတင်ဆောက်တည်ထားရသော မဂ္ဂင်) ဟုခေါ်၏။

## သမာဓိက္ခန္ဓမဂ္ဂင်(၃)ပါး

သမာဓိက္ခန္ဓမဂ္ဂင်၌ သုဒ္ဓဝိပဿနာယာနိကလမ်း၊ သမထဝိပဿနာယာနိကလမ်းဟူ၍ (၂)မျိုးရှိ၏။

သုဒ္ဓဝိပဿနာယာနိကလမ်း၌ ဤသမာဓိက္ခန္ဓမဂ္ဂင်သုံးပါးသည် သုညတသမာဓိ၊ အနိမိတ္တသမာဓိ၊ အပ္ပဏိဟိတသမာဓိဟူသော သမာဓိ(၃)ပါးနှင့် သမထကိစ္စ၊ စိတ္တဝိသုဒ္ဓိကိစ္စကို ပြီးစေ၏။

သမထဝိပဿနာယာနိကလမ်း၌ကား ပရိကမ္မသမာဓိ၊ ဥပစာရသမာဓိ၊ အပ္ပနာသမာဓိဟူသော သမာဓိ(၃)ပါးနှင့် ဝိပဿနာသို့ ရောက်သောအခါ သုညတသမာဓိ၊ အနိမိတ္တသမာဓိ၊ အပ္ပဏိဟိတသမာဓိဟူသော သမာဓိ(၃)ပါးနှင့် သမထကိစ္စ၊ စိတ္တဝိသုဒ္ဓိကိစ္စကို ပြီးစေ၏။ သီလဝိသုဒ္ဓိနှင့် ကာယဂတာသတိအခိုက်၌ ခဏိကသမာဓိကိစ္စကို ပြီးစေ၏။

## ပညာက္ခန္ဓမဂ္ဂင်(၂)ပါး

ပညာက္ခန္ဓမဂ္ဂင်သည် သီလဝိသုဒ္ဓိ၊ ကာယဂတာသတိမှစ၍ သုဒ္ဓဝိပဿနာယာနိကလမ်း၊ သမထဝိပဿနာယာနိကလမ်း (၂)မျိုးလုံးတို့၌ပင် ပညာကိစ္စကို ပြီးစီးစေ၏။

## သမ္မာသက်ပ္ပ(၃)ပါး

၁။ နေက္ခမ္မသမ္မာသက်ပ္ပ = ဝဋ္ဋဒုက္ခမှ ယခုဘဝကျွတ်လွတ်အောင်ရှာသော အကြံအစည်
၂။ အဗျာပါဒသက်ပ္ပ = မေတ္တာစျာန်နှင့် အတူဖြစ်သောဝိတက်
၃။ အဝိဟိံသာသက်ပ္ပ = ကရုဏာစျာန်နှင့် အတူဖြစ်သောဝိတက်

## သမ္မာဒိဋ္ဌိ(၆)ပါး

၁။ ကမ္မဿကတာသမ္မာဒိဋ္ဌိ = ကုသိုလ်ကိုသိ၏၊ အကုသိုလ်ကိုသိ၏၊ ထိုကုသိုလ် အကုသိုလ်၏ဖြစ်ခြင်းအကြောင်းရင်း(ပရတောဃောသ၊ ယောနိသောမနသိကာရ) တို့ကိုသိ၏၊ ထိုသို့သိသောဉာဏ်

၂။ ဈာနသမ္မာဒိဋ္ဌိ = ဈာန်နှင့်အတူဖြစ်သောဉာဏ်

၃။ ဝိပဿနာသမ္မာဒိဋ္ဌိ = ဝိပဿနာဉာဏ်

၄။ မဂ္ဂသမ္မာဒိဋ္ဌိ = မဂ်နှင့်အတူဖြစ်သောဉာဏ်

၅။ ဖလသမ္မာဒိဋ္ဌိ = ဖိုလ်နှင့် အတူဖြစ်သောဉာဏ်

၆။ ပစ္စဝေက္ခဏာသမ္မာဒိဋ္ဌိ = မဂ်ဉာဏ်စသည်ကို ဆင်ခြင်သောဉာဏ်

သမာဓိမဂ္ဂင်(၃)ပါး၊ ပညာမဂ္ဂင်(၂)ပါး ဟူသောမဂ္ဂင်(၅)ပါးကို ကာရကမဂ္ဂင်(အလုပ်မဂ္ဂင်) ဟုခေါ်၏။